
နာကြည်းချက်ကလဲ့စား
ငွေရည်ဖွဲ့

## အပိုင်း ၁

အပြင်က ဆူညံသံတွေကြောင့် သူမအိပ်နေရာမှ လန့်နိုးလာခဲ့သည်။ ဒီနေ့က ကျောင်းပိတ်ရက်ဖြစ်သလို လူကခေါင်းကိုက်နေတာမို့ မထသေးဘဲ ဆက်အိပ်နေတာဖြစ်၏။ အခုတော့ ဘယ်လိုမှဆက်အိပ်လို့ မရလောက်အောင် အသံတွေက ဆူလွန်းလှသည်။

"ဖေဖေနဲ့မေမေ ဘာဖြစ်နေတာလဲ"

သူမအသံကြားတော့ ဖေဖေက သူမဘက်အား ဒေါသတကြီး လှျောက်လှမ်းလာပြီး ... ...

"ဖြန်း..."

ရိုက်ချက်က ပြင်းလွန်းတာကြောင့် လူကကြမ်းပြင်ပေါ် လဲကျသွားရပြီး ပူထူသွားတဲ့ ပါးတစ်ဖက်ကို လက်ဖြင့်အုပ်ကာ နားမလည်စွာ ဖခင်ဖြစ်သူကို ကြည့်လိုက်သည်။

"သမီးဘာလုပ်လို့လဲ ဖေဖေ"

"မမေးနဲ့ နင့်ပါးစပ်က အဖေလို့ခေါ်တာလည်း မကြားချင်ဘူး"

မေမေကိုကြည့်လိုက်တော့ မျက်နှာလွှဲကာ ရှိုက်ကြီးတငင် ငိုကြွေးနေသည်။ ဘာတွေလဲ ဘာတွေဖြစ်နေတာလဲ။

"မဟုတ်ဘူးလေ သမီးမသိတဲ့ကိစ္စကို မေးမှဖြစ်မှာပေ့ါ"

"ငိုမနေနဲ့ မင်းသမီးကို အဲ့ဖုန်းယူပြီးပြလိုက်"

အံကို တင်းတင်းစေ့ထားတာကြောင့် မေးရိုးတွေက ထောင်ကားနေပြီး

မျက်ဝန်းတို့ကလည်း ဒေါသကြောင့် စူးရဲနေ၏။ ဖေဖေ ဒီလိုဒေါသထွက်တာ သူမ ပထမဆုံးမြင်ဖူးခြင်းပါ ...။

မေမေကမ်းပေးလာတဲ့ ဖုန်းကိုသူမယူပြီး ပေါ်နေတဲ့ Videoတစ်ခုကို ဖွင့်ကြည့်လိုက်ရာ ချက်ချင်းပဲ လူကမူးမိုက်ပြီး လက်ထဲက ဖုန်းပါကျလုနီးနီး ဖြစ်သွားရသည်။

"ဘယ်လိုလဲ ဣန္ဒြေရှင် ကျောင်းဆရာမရဲ့ ... ... "

ဖေဖေရဲ့ ခနဲ့တဲ့တဲ့အမေးက သူမကို ရှက်ရွံ့သိမ်ငယ်စေသည်။

"ဒီvideoက ဘယ်ကရတာလဲ"

"အဲ့မေးခွန်းကို မမေးခင် အဲ့video ဘယ်လောက်ထိ ပြန့်သွားပြီလဲဆိုတာ သိသင့်တယ် နင်ဆက်ကြည့် ကြည့်လေ"

ကြည့်နိုင်စွမ်းလည်း မရှိတော့ပါဘူး အခုလောက်ဆို တော်တော်လေး ပြန့်နေရောပေါ့။ လုပ်ရက်လိုက်တာ မောင်ရယ် ...။ videoဟာ သူမနဲ့မောင်ရဲ့ ... ဆက်ပြီးမပြောဝံ့အောင် မြန်မာမိန်းကလေးတစ်ယောက် အနေနဲ့ ရှက်ဖွယ်ဖြစ်ရပ်။ သူမလို ကျောင်းဆရာမတစ်ယောက် အတွက်ဆို ပိုလို့ပင် ဆိုးသေးသည်။ ဒါပေမဲ့ ဒီကိစ္စတွေဖြစ်ရချင်းမှာ သူမအလိုတူလို့ မဟုတ်ခဲ့သလို သိပင် မသိခဲ့ရတဲ့ ကိစ္စတစ်ခု မောင် ဘာကြောင့် အခုလိုလုပ်ခဲ့တာလဲပဲ သိချင်မိသည်။

"ဖေဖေ ဒီကိစ္စကလေ သမီးမသိဘူး"

"နင့်မသိလည်း အဲ့ထဲက ပါတဲ့ကောင်မကနင်လေ"

ဒေါသကြောင့် ဖေဖေ့ပါးစပ်က ကောင်မဆိုပြီး ရင့်သီးစွာ ထွက်လာခဲ့သည်။ မေမေငိုနေတာကို ကြည့်ပြီး သူမပါငိုမိ၏။

"သမီးဟုတ်ပါတယ် ဒါပေမဲ့ သမီးအဲ့ကိစ္စကိုမသိဘူး ဘယ်လိုဖြစ်ခဲ့မှန်း

လည်း စဉ်းစားမရဘူး"

"နင်စဉ်းစားမရလည်း ဖြစ်သွားပြီးပြီ အခုငါဘယ်မျက်နှာနဲ့ အပြင်ထွက်ရမလဲ ကျောင်းဆရာမတစ်ယောက် လုပ်နေတဲ့ နင့်ရဲ့အရှက်သိက္ခာတွေကရော ... "

"ဖေဖေရယ် သမီး နောက်ကျောကို ဓားနဲ့ထိုးခံရတာပါ ကိုယ်ချစ်ရသူရဲ့ လှည့်စားခြင်းကို ခံခဲ့ရတာပါ"

"နင်ကလေးလား အဲ့လိုလုပ်ခံရအောင် နင်ကကလေးလား ရှင်းသန့်ဖြူစင် ဟမ် နင့်မှာ အဲ့လိုလုပ်ခံရလောက်သည်အထိ မသိရအောင် ဦးနှောက် အသိတရားတွေ မရှိတော့လို့လား"

ပြောနေရင်း ဖေဖေ့အသံတွေက တုန်ကာ မျက်ရည်တွေပါ ကျလာသည်။

"သမီးဒီကိစ္စကို ရင်ဆိုင်ဖြေရှင်းပါ့မယ်"

"ဘယ်လိုပုံမျိုးနဲ့ ဒီပတ်ဝန်းကျင်နဲ့ internetသုံးနေတဲ့ လူတွေရဲ့ အကြည့်ကို ဘယ်လိုရင်ဆိုင်ပြီး ဖြေရှင်းမှာလဲ ... ရှင်းသန့်ဖြူစင် "

အခုချိန်မှာ အဖြေမပေးနိုင်။ သားဖသုံးယောက်လုံး ဖက်ကာ ငိုနေကြရတော့သည်။ နံနက်ခင်းရဲ့ အစမှာ မျက်ရည်တွေနဲ့ အစပြုရတော့၏။ သိပ်ကို ပျော်ရွှင်ဖွယ်ကောင်းတဲ့ မိသားစု၊ အေးချမ်းတဲ့ သူမရဲ့ဘဝလေးဟာ ဖျက်ဆီးခံရလို့ ပျက်စီးကာနီးဖြစ်နေရပြီ ဒါတွေက ဘယ်သူ့ကြောင့်လဲဆိုရင် မောင့်ကြောင့်ပါလား တွေးမိတော့ နာကျင်မိသား ...။

"ဖေဖေ အခုကိစ္စအတွက် အမြန်ဆုံးလက်ထပ်ရအောင် ကိုရဲတို့ကို ပြောလိုက်ပါ့မယ်"

လူတိုင်းက သူမကိုကြည့်ပြီး တီးတိုးပြောဆိုနေကြတာကို မကြားဟန်ဆောင်နေရသည်။ အခုလိုခေတ်မှာ ထိုသို့videoတွေပြန့်နေတာ

အလိုတူလို့ဖြစ်ဖြစ် အလိုမတူလို့ဘဲဖြစ်ဖြစ် အမှားဟာ မိန်းကလေးတွေသာ။ လက်ညှိုးထိုး အထင်သေးခံရတာလဲ မိန်းကလေးတွေပါပဲလေ။ တရားစွဲလို့ တရားရင်ဆိုင်ရပြန်ရင်လည်း အရင်ဆုံး အရှက်က ကွဲရပြန်သည်။ ကိုယ်က ငွေမရှိသူမို့ ဂုဏ်ရှိ ငွေရှိသူတွေက အနိုင်ရပြီး ကိုယ်က တစ်ရှက်ကနေ နှစ်ရှက်ဖြစ်ရဦးမယ် ... ဒီကိစ္စဖြစ်ရခြင်းမှာ သူမချစ်သူနဲ့ သူမတို့ ကျောင်းဆင်းချိန်မှာ တွေ့ဖြစ်ကြသည်။ ပြီးတော့ သူမကိုမောင်က အမောပြေ အအေးတိုက်သည်။ အဲ့နောက်ပိုင်းသူမ မမှတ်မိတော့။ ဒါတွေကို ပြောပြတော့ရော ဘယ်သူက ယုံချင်မှာလဲ ...

"မောင်"

မောင့် အပန်းဖြေနေကျ တိုက်ခန်းကိုရောက်ခဲ့တော့ မောင့်ဘေးမှာ မောင့်သူငယ်ချင်းတွေနဲ့ မောင်က ကောင်မလေးတစ်ယောက်ကို ဖက်ထားကာ နမ်းနေသည်။ သူ့ သူငယ်ချင်းတွေ ရှိရက်နဲ့တောင် မရှက်မရွံ့။ ဒီလိုကောင်လေးနဲ့ သူမ ဘာကြောင့် ချစ်သူဖြစ်ခဲ့တာလဲဆိုတာကို စဉ်းစားမရခဲ့ ... မောင့်စကားတွေမှာ သူမ ရင်ခုန်ခဲ့တာကြောင့်လား ... ဖေဖေဟာ မောင့်ဒယ်ဒီကုမ္ပဏီက ဝန်ထမ်းတစ်ယောက် ဖေဖေ့ကုမ္ပဏီကို ကျောင်းသွားချိန်တိုင်း သူမထမင်းချိုင့် ဝင်ပို့ရင်း မောင်နဲ့ဆုံစည်းခဲ့ရပြီး နောက်ပိုင်းမှာ မောင်က သူမအား ချစ်စကားဆိုလာခဲ့သည်။ အဆင့်တန်းချင်း မတူတာမို့ သူမငြင်းခဲ့ပေမယ့် နောက်ပိုင်းမှာ မောင့်အပြောတွေအောက် နစ်မျောပြီး နှလုံးသားက ခံနိုင်ရည်စွမ်း မရှိတော့တာကြောင့် သူမတို့ ချစ်သူဖြစ်ခဲ့ရသည်။ လူကြီးတွေကလည်း သဘောတူခဲ့တာကြောင့် အရာရာဟာ ချောမွေ့ခဲ့၏။ အခုများမှာတော့ ...

"ဟော ကျောင်းဆရာမကြီး ရောက်လာပါပြီလား ဗျ ... videoကြည့်ပြီးပြီထင်တယ် ကြည့်ရဲ့လား မ ... "

ခပ်လှောင်လှောင် မောင့်အပြောတွေကြောင့် သူမ ရှက်ရွံ့ထူပူသွားရသည်။ သေချာပါပြီလေ သူမတွေးခဲ့သလို မောင်ပါပဲ။

"မောင် မင်းနဲ့ငါက လူကြီးသိရှင်ကြားတွဲပြီး မကြာခင်မှာတောင် လက်ထပ်ရတော့မယ် လူတွေပါမောင် ဘာလို့အခုလိုလုပ်တာလဲ ... "

"ကျစ်... ခင်ဗျားက သိပ်တုံးတာပဲ အခုချိန်ထိ နားမလည်သေးဘူးလား ... ခင်ဗျားလို ကျွန်တော့်ဒယ်ဒီရုံးက အလုပ်သမားသမီး ရိုးရိုးကျောင်းဆရာမ သာမန်လူတန်းစားကို ကျွန်တော့်လိုလူက ယူမလား ကျွန်တော့်မိဘတွေက ကျွန်တော်တကယ်ချစ်တယ်ထင်ပြီး သဘောမတူချင်ဘဲ တူထားရတာ ကျွန်တော်က ခင်ဗျားကို တကယ်မချစ်ဘူးဗျ ခင်ဗျားပုံစံကိုကြိုက်တာ ကျွန်တော်ချစ်ရတဲ့သူ ကျွန်တော့်မိဘတွေ သဘောကျတဲ့ ချွေးမလောင်းက ဟောဒီ့က မြတ်ရတနာဆိုတဲ့ ကောင်မလေးပဲ"

သူ့ဘေးနားက ကောင်မလေးကို သူ့ချစ်ရသူပါလို့ ပြောပြ မိတ်ဆက်ပေးနေသည်။ သူ့စကားတွေကို နားထောင်နေရင်း ရင်ထဲနင့်နေအောင် ခံစားနေရသည်။ သူမပုံစံကို ကြိုက်တာလဲ ... မိန်းကလေးပီသစွာ ရှိသင့်တာတွေက သူ့နေရာသူရှိနေတဲ့ သူမခန္ဓာကိုယ်က အရာတွေက ဒီလိုဖြစ်စေဖို့အတွက်တဲ့လား ...။ နာကျင်ရပါတယ်မောင် ... ဒါနဲ့များ ချစ်သူအဖြစ် တွဲနေသေးတယ် အစကတည်းက ဖျက်ဆီးလိုက်ပါလား မချစ်ခဲ့ရတော့ ဒီလောက်နာကျင်ရမှာ မဟုတ်ဘူး ...။

"ငါ့ ဘဝကိုလိုချင်လို့ မင်းဖျက်ဆီးချင်တာများ ငါ့ကိုဟန်ဆောင်ပြီး ချစ်ခဲ့စရာ မလိုပါဘူး ... အစကတည်းက မင်း ... မင်း ... "

"အဲ့လိုဆို ကျွန်တော် ထောင်ကျမှာပေါ့ဗျ ... အခုက မ ကကျွန်တော့်ရဲ့ချစ်သူလေ ... အလိုမတူရင်တောင် သမီးရည်းစားချင်းဖြစ်တာပဲ ဒီကိစ္စ သိပ်မဆန်းကြယ်ဘူးလေ ဟုတ်တယ်မလား ... "

"ဟုတ်တယ်"

ဘေးက သူငယ်ချင်းတွေကပါ ဝိုင်းထောက်ခံကြသည်။

"ချစ်သူရည်းစားတွေ အတူနေတဲ့ videoဆိုတာလည်း လူတိုင်းတင်နေတာပဲ မ ရဲ့အေးဆေးပါ ဘာတွေ ခံစားနေရတာလဲ ... နောက်မတွဲဖြစ်တော့မယ့်အတူတူ ကျွန်တော်က အမှတ်တရဖြစ်အောင် လုပ်လိုက်တာပါ... မကလေ သိပ်ကောင်းတာပဲ ပစ်ရမှာတောင် နှမြောတာဗျာ အဲ ရေရှည်လက်တွဲဖို့ ကျတော့လည်း မဖြစ်နိုင်ဘူး ဆရာမဆိုတဲ့အတိုင်း နေရာတကာ ကျုပ်ကိုဆရာလုပ်တာ မကြိုက်ဘူး "

စကားတွေက မျက်နှာကို ရေနွေးပူနဲ့ ပက်ခံလိုက်ရသလို ပူထူသွားရသည်။

ပြောရက်လိုက်တာ ... ဒီလိုဖြစ်နေတဲ့ သားသမီးကို မဆုံးမဘဲ လွှတ်ထားတဲ့ သူ့မိဘတွေရဲ့ အမှားလား လူငယ်ဆိုပြီး ကိုယ်နေချင်သလို နေလို့ရတယ်လို့ ထင်နေတဲ့ သူ့ရဲ့ အမှားလား။ အယုံလွယ်ပြီး နှလုံးသားနဲ့ရင်းကာ ချစ်ခဲ့တဲ့ သူ့ရဲ့အမှားလား တကယ်ပဲဝေခွဲမရ ဖြစ်ခဲ့ရပြီ။

"မင်း မင်း ... လုပ်ရပ်ကြောင့် ငါ့ဘဝရစရာမရှိတော့ဘူး ... "

"လူတွေက ပုံကြီးချဲ့နေလို့ပါ မ ရဲ့ ... ဒါက ယောကျ်ားနဲ့မိန်းမ ဖြစ်ရိုးဖြစ်စဉ်တစ်ခုပါပဲ ... ... "

"ဩော် ... ပုံကြီးချဲ့နေတဲ့ လူတွေရဲ့ အမှားပေါ့ဟုတ်လား ... ဖြစ်ရိုးဖြစ်စဉ်တစ်ခုမှာ မင်းအခုချစ်ရပါတယ်ဆိုတဲ့ ကောင်မလေးနဲ့ အခုလို လူရှေ့နမ်းနေတာအပြင် ငါ့လို videoရိုက်ပြီး မင်းတို့ လုပ်ကြည့်ကြပါလား ... "

နာကျင်မှုကို ဖျောက်ပြီးမျက်နှာကို မဲ့ကာ ဒေါသတွေနဲ့တူ တုံ့ပြန်ပြောဆို

လိုက်တဲ့အခါ ... သူ့ရုပ်က ချက်ချင်းခက်ထန်သွားပြီး နေရာမှ ဝုန်းခနဲထကာ သူမကို တွန်းလှဲချလိုက်သည်။ ခြေထောက်က ခေါက်သွားတာကြောင့် နာကျင်မှုနဲ့အတူ မျက်ရည်တွေ ကျဆင်းလာ၏။

"ဒါကျုပ်ချစ်သူဗျ ... လက်မထပ်ရသေးဘဲ သူ့ရဲ့အပျိုစင်ဘဝကို ကျုပ်မဖျက်ဆီးဘူး မိန်းကလေးတစ်ယောက်ကို စာနာမှုမရှိ ခင်ဗျားမပြောနဲ့ ဆရာမတစ်ယောက်ရဲ့ ပါးစပ်က အခုလိုထွက်တာ အံ့ဩမဆုံးဘူး ..."

နာကျင်တာထက်ပိုစွာ သူ့စကားတွေကြောင့် နာကြည်းသွားရသည်။ တရားကျဖို့ ကောင်းလိုက်တာ ... ကိုယ်ချစ်ရတဲ့လူရဲ့ အပျိုစင်ဘဝကိုကျတော့ မဖျက်ဆီးဘူးတဲ့လား

"အံ့ဩတယ် ဟား ... အံ့ဩတယ်ဟုတ်လား ... မြင့်မြတ်ကိုကို ဘယ်နေရာတွေကများ မြင့်မြတ် နေသလဲမသိဘူး နာမည်နဲ့စိတ်ဓာတ် တခြားစီ နာမည်ကမြင့်မြတ်ပြီး စိတ်ဓာတ်က အောက်တန်းကျနေတဲ့ကောင် နာမည်ခေါ်ရတာတောင် သနတယ် ... မင်းဘက်က စာနာမှုမရှိဘူးဆိုတဲ့ စကားကို ထွက်ရဲတယ်နော် ခွေးပါးစပ်က နတ်စကားမထွက်နဲ့ ငါ့ကိုရော နင်တို့က စာနာလို့ အခုလိုလုပ်တာလား ..."

"ဒါကတော့"

မျက်နှာပျက်စွာ သူ ဘာမှပြန်မပြောနိုင်တော့။

"ကိုယ့်ချစ်သူကိုကျတော့ စာနာတတ်ပြီး သူတစ်ပါးရဲ့ သားပျို သမီးပျိုကို နင်တို့အခုလိုလုပ်တော့ မစာနာတတ်ဘူးပေါ့ ... "

စကားလုံးတွေက သူ့အရှိုက်ကို ထိစေတာကြောင့် သူ့ဘက်က ပြန်လည်ပြောဆိုစရာ စကားလုံးတွေ ရှိမနေတော့ ...

"ခင်ဗျား အခုချက်ချင်း ကျုပ်တိုက်ခန်းရှေ့က ထွက်သွား ..."

လဲကျနေတဲ့ သူမကို တွဲမထူဘဲ ဒေါသတကြီးနဲ့ တရွတ်တိုက် ဆွဲထုတ်ကာ တံခါးကို ကြမ်းတမ်းစွာ ပိတ်လိုက်သည်။ လူရှေ့သူရှေ့မှာဆွဲထုတ် တွန်းလှဲခံရတာ ရစရာမရှိ ပြောဆိုခံရတာကြောင့် အံကိုတင်းတင်းကြိတ်ကာ ကျလာတဲ့ မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ရင်း နာကျင်မှုကို နာကြည်းချက်တွေနဲ့ရောထွေး ပစ်လိုက်သည်။ မြင့်မြတ်ကိုကို ... ... နာကြည်းချက်ကြောင့် နှလုံးသားမှာ ကဗ္ဗည်းထိုးလိုက်သည်။

ဖုန်းဝင်လာတာကို ကိုင်လိုက်တော့ ကြားရတဲ့စကားက ဖေဖေဆုံးပြီတဲ့ ... ...

ငါ့အလုပ်ကိုင်၊ ငါ့မိဘ၊ ငါ့ဂုဏ်သိက္ခာတွေ အားလုံးပျက်စီးဆုံးရှုံးအောင် နင်လုပ်ခဲ့တဲ့အတွက် တစ်နေ့ ပြန်ခံစားစေရမယ် ...။ နာကြည်းမှုကြောင့် မျက်နှာမှာ နူးညံ့မှုတွေ ပျောက်ဆုံးသွားရပြီး ကျလုလုမျက်ရည်တွေတောင် ရပ်တန့်သွားရသည်။

***